ဂြိုလ်သားပုံစံရှိသော မြေကမ္ဘာမှ အင်းဆက်ပိုးမွှားများ

စာရေးသူ.....သက်တန့်ချို......(၁၀း၁၁ ည ၂၇.၉.၀၉)




ဒီကောင်ကတော့ Zygoptera suborder အုပ်စုဝင်ဖြစ်ပါတယ် ။ လူတွေက တစ်ခါတစ်ရံမှာတော့ သူတို့တွေဟာ နားနေချိန်နဲ့ ပျံသန်းချိန်မှာ သူတို့ရဲ့ အတောင်ပံတွေကို ဘယ်လိုထားရှိ သလဲ ဆိုတာနဲ့ သူတို့ဟာ သာမန်ပုစဉ်းတွေထက် သေးငယ်တယ်ဆိုတာကို သတိမထားမိကြပါဘူး ။ အိုး... ဒါ့အပြင် သူတို့ရဲ့မျက်လုံးတွေဟာ သီးခြားစီတည်ရှိနေတယ်ဆိုတာကိုလည်း သင်သတိထားမိပါသလား ။ သူတို့ရဲ့ မျက်လုံးတွေထဲက အပြာရောင်ကို စောင့်ကြည့်ဖို့ထက် သူတို့ထွက်ပြေး သွားတာက ပိုပြီးလျှင်မြန်လွန်းလှပါတယ် ။



"ကျနော့်ကို အစာပေးပါ...." ဒီဇဂေဇဂါဖြစ်တဲ့ ဂြိုလ်သားပုံစံအဝါရောင်အကောင်ကတော့ သူတို့ရဲ့ အမဲရောင်အစက်တွေကြောင့် သူတို့ကို Dasychira Pudibunda လို့ခေါ်ပါတယ် ။ ဒါဟာ သားလောင်းအဆင့်ပဲရှိပြီး ခူကောင် (သို့မဟုတ်) အနီရောင်အမြီးရှိတဲ့ ပိုးဖလံသာလျှင်ဖြစ်ပါတယ် ။



ဒီဂြိုလ်သားပုံစံ အကောင်ကတော့ လူတွေကို သူတို့မျိုးစိတ်သတ်မှတ်ဖို့အတွက် နှစ်ပေါင်းများစွာတိုင်အောင် ကလိကလိ ဖြစ်စေခဲ့ပါတယ် ။သူ့ကို လူသိများတာကတော့ bumblebee လို့ခေါ်ပြီး သူက Apidae အုပ်စုဝင်ဖြစ်ပါတယ် ။သူတို့ကလည်း ဇဂေဇဂါဖြစ်စေတဲ့ အဝါရောင် အမဲရောင် အမွှေးတွေပါရှိပြီး သူတို့ထဲက အချို့ဟာ အဆိပ်ဆူးတွေမရှိကြဘူးလို့ ကောလဟာလတွေလည်း ပျံ့နှံ့လို့နေပါတယ် ။ မှန်ပါတယ် ဒါပေမယ့် ..ဘယ်လိုပဲဖြစ်ဖြစ် လူတွေအနေနဲ့ ဒီအကောင်ကို သတိတော့ထားရပါမယ် ။



" ကျနော်ပြောတာနားထောင်ပါ မြေကမ္ဘာမှ လူသားရေ...ဒီအစိမ်းရောင်အကောင်တွေရဲ့ အစွန်းစုံ ဒေါသ ထွက်မှုကို ခံစားကြည့်လိုက်ပါဦး " ဒါကတော့ Tettigoniidae အနွယ်ဝင်တွေဖြစ်ပြီး Lord of the Rings မှ အစိမ်းရောင် ပုရစ်ပုတွေ ဖြစ်ပါတယ် ။



"ဟယ်လို မင်းကိုငါထိတ်လန့်အောင် လုပ်လိုက်ရမလား တကယ်လို့မင်းကိုငါ ချိုချိုသာသာလေးနဲ့ ဆက်ဆံလိုက်ရင် မင်းက (အဟမ်း...) ဆိုပြီးငါ့ကို ညစာစားဖို့ဂယ်သွားမှာလား" ဒီကောင်တွေဟာ ၂၀၀၀ ကျော်ရှိတဲ့ ရှိန်းကောင်အုပ်စုဝင် အင်းဆက်တွေထဲက တစ်ခုဖြစ်ပြီး သားရဲဂြိုလ်သတ္တဝါတွေကဲ့သို့ ပုံစံရှိပါတယ် ။ ဒီ ER ဆိုတဲ့ အင်းဆက်တွေကို ရှိန်းကောင်တွေလို့ပဲ ခေါ်တာ ပိုကောင်းပါလိမ့်မယ် ။



" ငါကချစ်ဖို့ကောင်းပါတယ် ဒါပေမယ့် မင်းကိုငါ့အရည်တွေနဲ့ဖျန်းပက်နိုင်တယ် " Treehoppers တွေဟာ ဇီဝပညာရှင်တွေကို အချိန်အတော်ကြာအောင်သူတို့ရဲ့ ထူးဆန်းတဲ့ပုံစံနဲ့ ဆွဲဆောင်ထားခဲ့ပါတယ် ။ သူတို့ဟာ Membracidae အုပ်စုဝင်ဖြစ်ပြီး Cicadas နဲ့ leafhoppers တွေနဲ့လည်းစပ်နွယ်မှု ရှိပါတယ် ။ သူတို့ဟာ သစ်ပင်တွေက သစ်စေးတွေကို စားသုံးကြပြီး သူတို့ရဲ့ နှုတ်သီးတွေကို သစ်စေးတွေရရှိဖို့တူးဆွရန် အသုံးပြုကြပါတယ် ။



ဒီရှိုးကောင်အထီးတွေကတော့ ဂြိုလ်သားရုပ်ရှင်ရိုက်မယ်ဆိုရင်တော့ အမှတ်ပြည့်ရမှာ အသေအချာပါပဲ ။ သူဟာ မထင်မှတ်ရလောက်အောင် ဉာဏ်စွမ်းရည်ထက်မြက်လှပြီးပန်းရှိုးကောင် အုပ်စုဝင်လည်း ဖြစ်ပါတယ် ။ သူတို့ဟာ ပန်းပွင့်တွေကဲ့သို့ဟန်ဆောင်နေလေ့ရှိပြီး သူတို့ရဲ့ သားကောင်ကိုတိုက်ခိုက်လေ့ ရှိပါတယ် ။ ဘယ်လောက်တောင်ဉာဏ်နီဉာဏ်နက်များလိုက်ပါသလဲလို့ ။



"ဂြိုလ်သားတွေလို့ ဘယ်သူကများ အမည်ပေးလိုက်ပါသလဲ " ၃၅၀ မီလီယံဘီစီလောက်တုန်းက ဘိုးဘေးတွေဟာ ဒီနဂျယ်ကောင်တွေကို ကုန်းနေသတ္တဝါတွေလို့ဆိုကြပါတယ် ။ ဒါပေမယ့် အချို့ကတော့ ကုန်းနေအပြင်ဘက်လို့ထင်ရပါတယ် ။သူတို့ကို ဖျက်ဆီးကောင်တွေလို့ခေါ်ကြပြီး တကယ်တော့ သူတို့ဟာ ecosystems အတွက် အရမ်းကို အရေးကြီးတဲ့ အချက်လည်းဖြစ်ပါတယ် ။သူတို့ဟာ ငှက်တွေ အင်းဆက်ပိုးမွှားတွေအတွက် အစာလည်းဖြစ်သလို အခြားသားရဲ တိရိစ္ဆာန်တွေ ပွားများလာခြင်းအတွက် ကန့်သတ်ပေးတဲ့ သားရဲကောင်တွေလည်း ဖြစ်ပါတယ် ။



" နောက်တစ်ကြိမ် ကျနော့ကို ပုရစ်လို့ ထပ်ခေါ်ပါဦး " ဒီနံကောင်တွေမှာ ဦးချိုရှိပြီး သူတို့ရဲ့ ကိုယ်ထက်တိုတဲ့ antennas လည်းပါပါတယ် ။ အခြားအကောင်တွေနဲ့ မတူတာက သူတို့ဟာ ပုရစ်ပုတွေဖြစ်ကြပါတယ် ။သူတို့မှာ လုံခြုံတဲ့အကာပါရှိပြီး ကမ္ဘာမြေရဲ့နေရာတော်တော်များများမှာ ပရိုတင်းဓါတ်ကြွယ်ဝတဲ့ အစားအစာအဖြစ် လူတွေရဲ့ ပန်းကန်ပြားပေါ်မှာ အဆုံးသတ်ရပါတယ် ။




ဒီရှစ်ခိုးကောင်တွေကတော့ တကယ့်ကို ကြိုလ်သားနဲ့တူပါတယ် ။ ဘယ်သူကဘယ်သူ့ကို
လှုံ့ဆော်တယ်ဆိုတာ ခန့်မှန်းခြင်းအတွက် ဆုငွေတော့ ရရှိမှာ အဟုတ်ပါဘူး ။